# အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ

## (၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၈ ။)

## ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

## (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

## နိဒါန်း

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

( ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

( ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ဤဥပဒေတွင်ပါရှိသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်

ရန်အတွက် အစိုးရအဖွဲ့က သတ်မှတ်ပေးသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော ဝန်ကြီးကို ဆိုသည်။

( င) **အင်းလေးကန်ဒေသ** ဆိုသည်မှာ အင်းလေးကန်၊ စကားအင်း၊ မိုးဗြဲဆည်နှင့် ၎င်းတို့၏ ရေဝေရေလဲဒေသ များအားလုံးကို ဆိုသည်။

( စ) **ရေဝေရေလဲဒေသ** ဆိုသည်မှာ ရှမ်းပြည်နယ်တောင်ပိုင်း အတွင်းရှိ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံ မြို့နယ်နှင့် ဟိုပုံးမြို့နယ်များအတွင်းရှိ အင်းလေးကန် ရေဝေရေလဲဧရိယာကို ဆိုသည်။

(ဆ) **အုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထား သော အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ကို ဆိုသည်။

( ဇ) **ဥက္ကဋ္ဌ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

( ဈ) **အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူး** ဆိုသည်မှာ ဤဥပဒေအရ ခန့်အပ်ထားသော အင်းလေးကန်ဒေသ အုပ်ချုပ်ရေးရုံးအဖွဲ့၏ အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးကို ဆိုသည်။

(ည) **အင်းလေးကန်ဒေသ အုပ်ချုပ်ရေးရုံးအဖွဲ့** ဆိုသည်မှာ အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးအဖွဲ့ကို ဆိုသည်။

( ဋ) **ဇီဝအဝန်းနယ်မြေ** ဆိုသည်မှာ ကုန်းမြေနှင့် ရေချိုဒေသ ဂေဟစနစ်များအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးတို့အတွက် အတူယှဉ်တွဲဟန်ချက်ညီစွာ ထိန်းညှိပေးနိုင်မည့် လုပ်ငန်းစဉ်များကို သတ်မှတ်ဖော်ဆောင် လုပ်ကိုင်လျက်ရှိသည့် နယ်မြေဒေသကို ဆိုသည်။

( ဌ) **သဘာဝနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီဝင် အနေအထားများ တည်ရှိသည့် ဒေသများကို ရေရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန် အလို့ငှာ သတ်မှတ်သည့်နယ်မြေကို ဆိုသည်။

( ဍ) **သစ်တောနယ်မြေ** ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့်နယ်မြေကို ဆိုသည်။

( ဎ) **ရေချိုငါးလုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်များအတွင်းရှိ ငါးသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲခြင်းကို ဆိုသည်။

(ဏ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကို ဆိုသည်။

(တ) **ဂေဟစနစ်ဝန်ဆောင်မှု** ဆိုသည်မှာ ဂေဟစနစ်များ ရှင်သန်ရပ်တည်ရာမှ ရရှိလာသော လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိသည့် ဝန်ဆောင်မှုများကို ဆိုသည်။ ထောင်စုနှစ် ဂေဟစနစ်များ အကဲဖြတ်ချက်အရ ဂေဟစနစ် ဝန်ဆောင်မှုဖြစ်သည့် ပံ့ပိုးပေးခြင်း၊ အထောက်အကူပြုခြင်း၊ ထိန်းညှိပေးခြင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံထိန်းသိမ်းခြင်းတို့ ဖြစ်သည်။

(ထ) **ရေကန်များနှင့် ၎င်းတို့၏ ရေဝေရေလဲဒေသများ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်း** ဆိုသည်မှာ ရေသယံဇာတဆိုင်ရာ စီမံခန့်ခွဲသူများနှင့် သက်ဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများက ရေကန်များနှင့် ၎င်းတို့၏

ရေဝေရေလဲဒေသများ ရေရှည်တည်တံ့စေရန် ဘက်စုံ စဉ်းစားသုံးသပ်၍ ပူးပေါင်းစီမံအုပ်ချုပ် လုပ်ကိုင်ခြင်းကို ဆိုသည်။

( ဒ) **အင်းလေးကန်ဘဏ္ဍာရေး စီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ထိရောက်လျင်မြန်စွာ အကောင်အထည် ဖော်နိုင်ရန် သတ်မှတ်ထားသော ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

( ဓ) **ဝန်ထမ်း** ဆိုသည်မှာ အင်းလေးကန်ဒေသအုပ်ချုပ်ရေးရုံး ရှိ ဌာနများတွင်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ တွင်လည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့က ခန့်အပ်ထား သော ဝန်ထမ်းများကို ဆိုသည်။

( န) **ပင်မထိန်းသိမ်းရေးနယ်မြေ (Core Zone)** ဆိုသည်မှာ အုပ်ချုပ်ရေးအဖွဲ့က ဒေသခံပြည်သူလူထု သဘောဆန္ဒ ဖြင့် ပေါင်းစပ်ညှိနှိုင်း သတ်မှတ်ထားသော ဧရိယာကို ဆို သည်။

( ပ) **ကြားခံနယ်မြေ (Buffer Zone)** ဆိုသည်မှာ သဘာဝ ထိန်းသိမ်းရေးနယ်မြေအတွင်းဖြစ်စေ၊ ၎င်းနယ်မြေ၏ နယ်နိမိတ်အစပ်တွင်ဖြစ်စေ၊ ပင်မထိန်းသိမ်းရေးနယ်မြေ နှင့် ဆက်စပ်နေပြီး ပင်မထိန်းသိမ်းရေးနယ်မြေကို

ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြားခံအဖြစ် သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။

( ဖ) **ရေဦးရေဖျားနယ်မြေ (Transition Zone)** ဆိုသည်မှာ ကြားခံနယ်မြေအဆုံးနှင့် အင်းလေးကန် ရေဝေရေလဲ ဒေသအဆုံး နှစ်ခုကြားရှိ ဧရိယာကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အင်းလေးကန်ဒေသတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ် ဖော်ဆောင်နိုင်ရန်နှင့်သဘာဝပတ်ဝန်းကျင်အမွေကောင်းများအား အနာဂတ် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ရန်၊

( ခ) ဒေသခံတိုင်းရင်းသားတို့၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်း စေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်းနှင့် စနစ်

တကျ ပူးပေါင်းစီမံအုပ်ချုပ်မှု စနစ်ကောင်းတစ်ခု ထူထောင်ရရှိရန်။

(ဂ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်မြှင့်တင်ရန်၊

(ဃ) အင်းလေးကန်ဒေသ ရေရှည်တည်တံ့သော ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူ့စွမ်းအား အရင်းအမြစ်စွမ်းဆောင်ရည် မြင့်မားလာစေရန်၊

(င) အင်းလေးကန်ဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှုကို သီးခြားလွတ်လပ်သည့် အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်။

## အခန်း(၃)

## အခြေခံမူများ

၄။ ဤဥပဒေကို အောက်ပါ အခြေခံမူများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ၏ မူဝါဒများကို အခြေခံ၍ အင်းလေးကန်ဒေသနှင့် ကိုက်ညီသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒကို ရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ခြင်း၊

( ခ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ၏ မူဝါဒများကို အခြေခံ၍ အင်းလေးကန်ဒေသနှင့် ကိုက်ညီသည့် ရေသယံဇာတမူဝါဒကို ရေးဆွဲပြီး အချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော်ခြင်း၊

( ဂ) ယူနက်စကို၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ စီမံအုပ်ချုပ် လုပ်ကိုင်ခြင်း နည်းလမ်းများ၊ ရေကန်များနှင့် ၎င်းတို့၏ ရေဝေရေလဲဒေသများ၊ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများကို အခြေခံ၍ အင်းလေးကန်ဒေသနှင့် ကိုက်ညီသည့် စီမံအုပ်ချုပ်လုပ်ကိုင်မည့် နည်းလမ်းများ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝ မျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရေးတို့ နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် များနှင့်အညီ အင်းလေးကန်ဒေသနှင့် ကိုက်ညီသည့် မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်ခြင်း၊

( င) အင်းလေးကန်ဒေသ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် မြှင့်တင် ခြင်းနှင့် ဒေသအတွင်းရှိ ဒေသခံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ သမိုင်းဝင်အမွေအနှစ်

ရှေးဟောင်း အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

( စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်ပေါ်စေသည့်သူမှ ညစ်ညမ်းမှုကြောင့် ပေါ်ပေါက်လာသည့် ပြဿနာများအတွက် တာဝန်ယူစေသည့်စနစ် ဖော်ဆောင်ခြင်း၊

(ဆ) ဂေဟာစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းပေးသည့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုစနစ်ကို ဖော်ဆောင်ခြင်းနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ မူလထက်သာလွန်ကောင်းမွန်သော လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

( ဇ) အင်းလေးကန်ဒေသရှိ သဘာဝ အရင်းအမြစ်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေပြီး ဂေဟာစနစ်ကို အခြေခံသော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

## အခန်း (၄)

## အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ အစိုးရအဖွဲ့သည် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသော ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ ရှမ်းပြည်နယ် အင်းလေးကန်

ဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာများတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်ရပ်ရရှိရေး ဆောင်ရွက်ရန်အတွက် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ အုပ်ချုပ်ရေးအဖွဲ့အား ဤဥပဒေ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း ဖွဲ့စည်းပြီး ဤဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျေပွန်စွာထမ်းဆောင်ရန် တာဝန်ရှိသည်။

၇။ အုပ်ချုပ်ရေးအဖွဲ့၏ သက်တမ်းသည် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့သစ် ဖွဲ့စည်းသည့်နေ့အထိဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းနိုင်ရန် မူလအုပ်ချုပ်ရေးအဖွဲ့မှ အတွင်းရေးမှူး(၁)က ရှမ်းပြည်နယ်အစိုးရသစ် တက်လာပြီးနောက် ရက်ပေါင်း(၆၀)အတွင်း စီစဉ်ဆောင်ရွက်ရမည်။

၈။ အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်နိုင်ရန် ရုံးချုပ်ကို ညောင်ရွှေမြို့နယ်တွင် ဖွင့်လှစ်၍ သင့်လျော်သည့် နေရာများတွင် ရုံးခွဲများဖွင့်လှစ်ရမည်။

၉။ (က) အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(၁) ဝန်ကြီး ဥက္ကဋ္ဌ
ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ

(၂) အင်းသားတိုင်းရင်းသား ဒုတိယဥက္ကဋ္ဌ(၁)
လူမျိုးရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၃) ကယန်းတိုင်းရင်းသား ဒုတိယဥက္ကဋ္ဌ (၂)
လူမျိုးရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၄) အတွင်းရေးမှူး အဖွဲ့ဝင်
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၅) အတွင်းရေးမှူး အဖွဲ့ဝင်
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်

(၇) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(၈) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(၉) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)

(၁၀) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)

(၁၁) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန

(၁၄) အုပ်ချုပ်ရေးမှူး၊ ညောင်ရွှေမြို့နယ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၁၅) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အင်းလေးကန်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊
သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်
ထိန်းသိမ်းရေးဌာန

(၁၆) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှု
စီမံခန့်ခွဲရေးဦးစီးဌာန

(၁၇) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၁၈) ဥက္ကဋ္ဌ ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၉) ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ် ငါးဦး — အဖွဲ့ဝင်များ

(၂၀) ဒေသခံလူထုကိုယ်စားလှယ် ငါးဦး — အဖွဲ့ဝင်များ

(၂၁) ညွှန်ကြားရေးမှူး အစိုးရအဖွဲ့ရုံး၊ ရှမ်းပြည်နယ် — အတွင်းရေးမှူး(၁)

(၂၂) ညွှန်ကြားရေးမှူး ပြည်နယ်သစ်တောဦးစီးဌာန — အတွင်းရေးမှူး(၂)

(၂၃) ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ် တစ်ဦး — အတွင်းရေးမှူး(၃)

( ခ) အောက်ပါအခြေအနေများတွင် အုပ်ချုပ်ရေးအဖွဲ့အတွင်းရှိ ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဒေသခံလူထုကိုယ်စားလှယ်များ လစ်လပ်ပါက အစားထိုးခန့်အပ်ရမည်ဟု မှတ်ယူရမည်-

(၁) အဖွဲ့ဝင်တစ်ဦးသည် ပြစ်မှုထင်ရှား စီရင်မှုခံရခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်ခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေများရှိခြင်း၊

(၂) တရားဝင်နှုတ်ထွက်စာတင်သွင်းခြင်း၊

(၃) အုပ်ချုပ်ရေးအဖွဲ့အား ခွင့်တိုင်ကြားခြင်းမရှိဘဲ အစည်းအဝေး သုံးကြိမ်ဆက်တိုက် တက်ရောက်ရန် ပျက်ကွက်ခြင်း။

( ဂ) အုပ်ချုပ်ရေးအဖွဲ့အတွင်းရှိ ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဒေသခံလူထုကိုယ်စားလှယ်များသည် အောက်ပါခံစားခွင့်များ ရပိုင်ခွင့်ရှိသည်–

(၁) ချီးမြှင့်ငွေ၊

(၂) ခရီးစရိတ်။

## အခန်း(၅)

## အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏အမည်ကို အသုံးပြု၍ တရားစွဲဆိုခြင်းနှင့် တရားရင်ဆိုင်ခြင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ပစ္စည်းလဲလှယ်ခြင်းနှင့် ကာလလွန်ပစ္စည်းများကို ရှင်းလင်းဖယ်ရှားခြင်း၊ လုပ်ငန်းကန်ထရိုက်စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်း၊ ဤဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသော အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်ရမည့် လုပ်ငန်းများအား အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆီလျော်သည့် အခြားလုပ်ငန်းများကို ဥပဒေ၊ အမိန့်

ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၁။ အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အင်းလေးကန်ဒေသအတွင်း ပတ်ဝန်းကျင်နှင့်သဟဇာတမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် နိုင်ငံတော်က ပြဋ္ဌာန်းသတ်မှတ်ထားသော အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ပတ်ဝန်းကျင်ရေးရာ စီမံကိန်းများ၊ ဘက်စုံဖွံ့ဖြိုးရေး မူဝါဒများ၊ ရည်ရွယ်ချက်များကို အခြေခံ၍ အင်းလေးကန်ဒေသ ရေရှည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ရပ်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြီးကြပ်ရမည်၊

( ခ) စီမံကိန်းရေးဆွဲရာတွင် အထောက်အကူပြုရန်အတွက် အင်းလေးကန်ဒေသ၏ လူမှုစီးပွားရေးနှင့် ဇီဝရူပဆိုင်ရာပြီးပြည့်စုံသည့် သတင်းအချက်အလက် စနစ်တစ်ခု ထူထောင်ရမည်။ သတင်းအချက်အလက်များ ကောက်ယူစုစည်းရာတွင် တည်ဆဲဥပဒေအရ ကန့်သတ်ထားသည့် သတင်းအချက်အလက်များမှအပ အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များထံမှ

အုပ်ချုပ်ရေးအဖွဲ့က လိုအပ်သည့် သတင်းအချက်အလက်များကို တောင်းယူပိုင်ခွင့်ရှိသည်၊

(ဂ) အင်းလေးကန်ဒေသအတွင်းရှိ လူသားအရင်းအမြစ်၊ ရေအရင်းအမြစ်၊ ဇီဝမျိုးစုံမျိုးကွဲ၊ မြေအရင်းအမြစ်စသည့် သယံဇာတများကို အကျိုးရှိစွာ ရေရှည်ထုတ်ယူ အသုံးပြုနိုင်ရန်အတွက် ဒေသတွင်း ဆောင်ရွက်သော စီမံကိန်းနှင့် စီမံချက်များကို ဆောင်ရွက်ခြင်းမပြုမီ လိုအပ်ချက်များကို ဆန်းစစ်ခြင်း ပြုလုပ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ညွှန်ကြားရမည်၊

(ဃ) အင်းလေးကန်စီမံကိန်း လုပ်ငန်းများကို တာဝန်သိသိဖြင့် ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းများပိုမိုတိုးတက်လာနိုင်ရန်တို့အတွက် ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်၊

(င) အင်းလေးကန်ဒေသအတွင်းရှိ သဘာဝရေအရင်းအမြစ်နှင့် မြေဆီလွှာတို့ ဆုံးရှုံးမှုမရှိစေရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများကို ရေ၊ မြေအသုံးချသူများက လိုက်နာဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်၊

( ၈) အင်းလေးကန်ဒေသအတွင်း အစိုးရဌာနများ၊ ပုဂ္ဂလိက များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့ အစည်းများက ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အချင်းချင်း လုပ်ငန်းထပ်နေခြင်း မရှိစေရန် ကြီးကြပ် ညှိနှိုင်းပေးရမည်၊

(ဆ) အင်းလေးကန်၏ ရေမျက်နှာပြင်အား နေရာအလိုက် သတ်မှတ်ထားသည့် ရေဧရိယာနှင့် ထုထည်တစ်ခုတွင် ထိန်းထားနိုင်ရန်အတွက် ကန်အတွင်း ရေစီးဝင်မှုနှင့် ရေစီးထွက်မှုများကို စဉ်ဆက်မပြတ် ပုံမှန်ကြီးကြပ် ထိန်းညှိနိုင်ရန် လမ်းညွှန်ပေးရမည်၊

( ဇ) အင်းလေးကန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အတွက် အထောက်အကူဖြစ်စေမည့် စက်ကိရိယာ ပစ္စည်း၊ ရန်ပုံငွေနှင့် နည်းပညာ အကူအညီများရရှိနိုင် ရန်အတွက် နိုင်ငံတကာအစိုးရများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလများ၊ ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူပေါင်းဆောင် ရွက်ရမည်၊

( ဈ) ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနများနှင့် ညှိနှိုင်း၍ ဒေသအတွင်းရှိ စက်မှု၊ လက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး

နှင့် မွေးမြူရေးလုပ်ငန်းများ၊ ယာဉ်ယန္တရားများ၊ တည်းခို ခန်း၊ ဟိုတယ်နှင့် လူနေအိမ်ခြေများ စသည်တို့မှ ဖြစ်ပေါ် လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုစံများ သတ်မှတ်ပြီး၊ သတ်မှတ်ချက်နှင့်အညီ လုပ်ဆောင်နိုင်ရန် ကြီးကြပ်စစ်ဆေးခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရမည်၊

(ည) ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်း များသည် အင်းလေးကန်ဒေသအတွင်းတွင် လူမှု စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါက ၎င်းလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းရမည်၊

( ဋ) အုပ်ချုပ်ရေးအဖွဲ့သည် ရှမ်းပြည်နယ်အဆင့် အစိုးရဌာန များ၏ အင်းလေးကန်ဒေသအတွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်၊

( ဌ) အုပ်ချုပ်ရေးအဖွဲ့သည် တင်ပြညှိနှိုင်းလာသည့် လုပ်ငန်း အဆိုပြုလွှာများအပေါ်တွင် စိစစ်ခွင့်ပြုခြင်းနှင့် ငြင်းပယ် ခြင်း၊ လိုအပ်ပါက လုပ်ငန်းအဆိုပြုလွှာများနှင့်အတူ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နိုင်မှု ဆန်းစစ် ချက် အစီရင်ခံစာများနှင့် ထိခိုက်မှုလျော့နည်းစေရန်

ဆောင်ရွက်မည့် စီမံချက်များ ပူးတွဲတင်ပြရန် အကြောင်းကြားရမည်၊

( ဥ) အုပ်ချုပ်ရေးအဖွဲ့သည် ဟိုတယ်နှင့် ခရီးသွားလာရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးစသည့် အင်းလေးကန်ဒေသအတွင်းရှိ ရေနှင့် အခြားသယံဇာတများ အသုံးပြုခြင်းလုပ်ငန်းများအပေါ်မှ ရရှိသည့် အကျိုးအမြတ်ပေါ်တွင် ရရှိလာသော ရန်ပုံငွေများကို ဤဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) အရ ရေးဆွဲထားသော အင်းလေးကန်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရမည်၊

( ဎ) အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် အင်းလေးကန်ဒေသဆိုင်ရာ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ တားမြစ်ချက်များ၊ အမိန့်ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာချက်များ၊ လုပ်ထုံးလုပ်နည်းများကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်၊

(ဏ) အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေများ

ပေါ်ပေါက်လာပါက ယင်းဒေသအတွင်းရှိ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း၍ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုလျော့နည်းပပျောက်စေရန် ဆောင်ရွက်ရမည်၊

(တ) အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းရန်လိုအပ်သော လုပ်ငန်းကော်မတီ၊ ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ရန် အတွင်းရေးမှူးများအား တာဝန်ပေးညွှန်ကြားရမည်၊

(ထ) အုပ်ချုပ်ရေးအဖွဲ့သည် အဖွဲ့ဖွဲ့စည်းပြီးနောက် ရက်ပေါင်း (၆၀)အတွင်း ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ရမည်၊

( ဒ) အုပ်ချုပ်ရေးအဖွဲ့သည် ရုံးအဖွဲ့၏ နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူး တစ်ဦးနှင့် ဝန်ထမ်းများ ခန့်ထားခြင်းတို့ကို ဆောင်ရွက်ရမည်၊

( ဓ) အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးသည် စီမံကိန်းဝန်ထမ်းများ ခန့်ထားနိုင်ရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ရပိုင်ခွင့်နှင့် ပြစ်ဒဏ်များကို

အုပ်ချုပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ် ပြဋ္ဌာန်းရမည်၊

( န) အင်းလေးကန်ဒေသ ပင်မထိန်းသိမ်းရေးနယ်မြေ၊ ကြားခံနယ်မြေ၊ ရေဦးရေဖျားနယ်မြေများ သတ်မှတ်ပေးခြင်းကို သက်ဆိုင်ရာဒေသရှိ ပြည်သူလူထုထံ ချပြရှင်းလင်းခြင်း၊ နားလည်လက်ခံအောင် အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်။

## အခန်း(၆)

## အင်းလေးကန်ဒေသအုပ်ချုပ်ရေးရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၂။ အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းများ၏ လစာ၊ ခရီးစရိတ်နှင့် ထောက်ပံ့ကြေးများကို အုပ်ချုပ်ရေးအဖွဲ့ ရန်ပုံငွေမှ ပေးချေရမည်။ ၎င်းတို့၏ သက်တမ်းသည် လုပ်ငန်းစာချုပ်ပါ သက်တမ်းအတိုင်း ဖြစ်သည်။

၁၃။ အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများအား စီမံအုပ်ချုပ်ခြင်း၊ စာရင်းအင်းနှင့် မှတ်တမ်းမှတ်ရာများ အပါအဝင် ရုံးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊

( ခ) အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများ၏ လစာနှင့် ရပိုင်ခွင့်များအား စီမံဆောင်ရွက်ပေးခြင်း၊

( ဂ) အုပ်ချုပ်ရေးအဖွဲ့မှ ခွဲဝေချထားပေးသော စီမံကိန်း ရန်ပုံငွေအား လျာထားချက်နှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်မှုကို အနီးကပ်ကြီးကြပ်ခြင်း၊

(ဃ) အုပ်ချုပ်ရေးအဖွဲ့နှင့်အတူ အကျိုးဆက်စပ် ပတ်သက်သူ များ ရေးဆွဲထားသော စီမံကိန်းများ၊ အစိုးရအချင်းချင်း သဘောတူလက်ခံထားသော စီမံကိန်းများကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဆိုပြုလွှာ များကို ခန့်မှန်းခြေစာရင်းနှင့်တကွ အုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုချက်ရယူခြင်း၊

( င) စီမံကိန်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အစိုးရဌာနများ လူထုအခြေပြု အဖွဲ့အစည်း(CBOs)များ၊ အရပ်ဘက်အဖွဲ့အစည်း (CSOs)များ၊ ဒေသခံပြည်သူများ နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

( စ) အုပ်ချုပ်ရေးအဖွဲ့မှ မူဝါဒများ၊ စီမံကိန်းများရေးဆွဲရာတွင် ပါဝင်ကူညီခြင်း၊ နည်းပညာ အထောက်အကူများရရှိရန် အုပ်ချုပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံဆောင် ရွက်ခြင်း၊

(ဆ) စီမံကိန်းလုပ်ငန်းများ၊ စီမံကိန်းဝန်ထမ်းများကို အနီးကပ်ကြီးကြပ်၍ တွေ့ရှိချက်များနှင့် အရေးပေါ်အခြေအနေများကို အုပ်ချုပ်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

( ဇ) ဒေသခံအဖွဲ့အစည်းများက တင်သွင်းလာသော လုပ်ငန်းအဆိုပြုလွှာများကို လက်ခံစိစစ် ရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဈ) ခြောက်လပတ် လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ အစီရင်ခံစာပြုစုခြင်းများကို အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များထံမှ ရရှိသော ရန်ပုံငွေထောက်ပံ့ပစ္စည်းများဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် စီမံကြီးကြပ်ခြင်း၊

( ဋ) အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူး၏ စီမံခန့်ခွဲမှုဘောင်ထက် ကျော်လွန်သော စီမံကိန်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာပါက အုပ်ချုပ်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး အဆုံးအဖြတ်ရယူရခြင်း။

## အခန်း(၇)

## ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း

၁၄။ အင်းလေးကန်ဒေသထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများကို အောက်ပါ အရင်းအမြစ်များမှ ရယူနိုင်သည်-

(က) ပြည်ထောင်စုအစိုးရမှ ခွဲဝေချထားပေးသောရန်ပုံငွေ၊

(ခ) ရှမ်းပြည်နယ်အစိုးရမှ ခွဲဝေချထားပေးသောရန်ပုံငွေ၊

(ဂ) အင်းလေးကန်ဒေသ ပတ်ဝန်းကျင်အတွင်းရှိ ဟိုတယ်၊ စားသောက်ဆိုင်များနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များထံမှ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် လူမှုရေးအရ တာဝန်သိတတ်မှု (CSR)နှင့် လှူဒါန်းထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေ၊

(ဃ) အင်းလေးကန်ဇုန်ဝင်ကြေးမှ ရရှိသောရန်ပုံငွေ၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရရှိသော ပြည်ပအထောက်အပံ့ ရန်ပုံငွေ၊

(စ) အုပ်ချုပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားအရင်းအမြစ်များမှ ရရှိသော ရန်ပုံငွေ။

၁၅။ အင်းလေးကန်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ

အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပုဒ်မ ၁၄ အရ ပြဋ္ဌာန်းထားသောရန်ပုံငွေများကို အင်းလေးကန်ဘဏ္ဍာရေး စီမံခန့်ခွဲမှုကော်မတီ၏ စီမံခန့်ခွဲမှုအောက်တွင် ထားရှိရမည်။

၁၆။ ရရှိလာသော ရန်ပုံငွေများကို အင်းလေးကန်ဘဏ္ဍာရေး စီမံခန့်ခွဲမှု ကော်မတီဝင် သုံးဦးအမည်ဖြင့် အစိုးရအသိအမှတ်ပြု ဘဏ်တစ်ခုခုတွင် စာရင်းဖွင့်လှစ်ပြီး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ ကော်မတီဝင် နှစ်ဦး၏လက်မှတ်ဖြင့် ထုတ်ယူပြီး သက်ဆိုင်ရာသို့ သုံးစွဲနိုင်ရန် လွှဲအပ်ရမည်။

၁၇။ အုပ်ချုပ်ရေးအဖွဲ့သည် နှစ်စဉ်မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း၊ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုနှင့်အညီ အသုံးစရိတ်များကို သုံးစွဲနိုင်ရန် စစ်ဆေးကြီးကြပ်ရမည်။

## အခန်း(၈)

## အင်းလေးကန်ဒေသအုပ်ချုပ်ရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၁၈။ အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများသည် တာဝန်အရ ဆောင်ရွက်ရာမှ စုစည်းရရှိထားသော သတင်းအချက်အလက်များအား အုပ်ချုပ်ရေးအဖွဲ့၏ တရားဝင် ခွင့်ပြုချက်မရရှိဘဲလည်းကောင်း၊ သက်ဆိုင်ရာတရားရုံးမှ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရာမှအပ လည်းကောင်း ပြင်ပသို့ တစ်နည်းနည်းဖြင့် ပေါက်ကြားခြင်းမရှိစေရန် လိုက်နာဆောင်ရွက်ရမည်။

၁၉။ အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများသည် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ လက်မှတ်ရေးထိုး ထုတ်ပြန်ထားသည့် သတ်မှတ် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ တာဝန်ထမ်းဆောင်ရမည်။

၂၀။ ဤဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်သော ဝန်ထမ်းသည် တည်ဆဲဥပဒေများနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့၏ အရေးယူခြင်းကို ခံယူရမည်။

## အခန်း(၉)

## ပြစ်မှုနှင့် အရေးယူခြင်း

၂၁။ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းဆိုင်ရာ များနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် အရေးယူနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့က သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၁၀)

## အထွေထွေ

၂၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့က ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ ဥပဒေအရ အကူအညီ တောင်းခံလာလျှင် ကူညီပေးရမည်။

၂၃။ အုပ်ချုပ်ရေးအဖွဲ့သည် အဖွဲ့၏တာဝန်နှင့် ဝတ္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ အင်းလေးကန်ဒေသ ရေဝေရေလဲဒေသအတွင်း နေရာဒေသ အခြေအနေအရ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်−

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

( ခ) အုပ်ချုပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁။ | နိဒါန်း | | ၁ | ၁ |
| ၂။ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၆ |
| ၃။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၆ | ၇ |
| ၄။ | အခန်း(၃) | အခြေခံမူများ | ၇ | ၉ |
| ၅။ | အခန်း(၄) | အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၉ | ၁၄ |
| ၆။ | အခန်း(၅) | အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၄ | ၂၁ |
| ၇။ | အခန်း(၆) | အင်းလေးကန်ဒေသအုပ်ချုပ်ရေးရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၂၁ | ၂၃ |
| ၈။ | အခန်း(၇) | ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း | ၂၄ | ၂၅ |
| ၉။ | အခန်း(၈) | အင်းလေးကန်ဒေသ အုပ်ချုပ်ရေး လုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၂၅ | ၂၆ |
| ၉။ | အခန်း(၉) | ပြစ်မှုနှင့် အရေးယူခြင်း | ၂၆ | ၂၆ |
| ၁၀။ | အခန်း(၁၀) | အထွေထွေ | ၂၆ | ၂၇ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရှမ်းပြည်နယ်လွှတ်တော်

# တောင်ကြီးမြို့

## အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ

## (၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၈ ။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။

၂၀၂၀ ပြည့်နှစ်